# ကျွန်တော် ကြားချင်သည့် စကားလေးတစ်ခွန်း

(၂၈.၇.၂၀၂၀ တွင် ရေးသားသည်)

မြန်မာနိုင်ငံရဲ့ သမိုင်းကို ပြန်ကြည့်ရင် ဟိုးဘုရင်တွေ လက်ထက်ကစလို့ လွတ်လပ်ရေး ရပြီးနောက် အခုအထိ နိုင်ငံရေးနဲ့ ပတ်သက်လာရင် ပူးပေါင်းဆောင်ရွက်မှုဆိုတာ အားနည်းတယ် (အမှန်က ရှိကို မရှိတာ)။ ဘုရင်တွေကတော့ ထားပါတော့။ လွတ်လပ်ရေး ရပြီးနောက် ဖဆပလခေတ်ကိုကြည့်ရင် ကိုယ့်ပြိုင်ဖက်ကို အလဲထိုးမယ်၊ ကိုယ်တစ်ယောက်ထဲ ဗိုလ်လုပ်မယ် ဆိုတာချည်းပဲ။ မဆလခေတ်ဆိုရင်လည်း ပြိုင်ဖက်မရှိတယောက်တည်း ဖြစ်အောင် လုပ်လိုက်တယ်။ စစ်အစိုးရခေတ်မှာလည်း ဘာပြိုင်ဖက်မှ မလာနဲ့ အကုန် ထောင်ချ၊ ငါပဲ အုပ်ချုပ်မယ် ဆိုပြီးလာခဲ့တာ… ၂၀၁၀ ရွေးကောက်ပွဲပြီးလို့ တက်လာတဲ့ USDP အစိုးရ၊ ၂၀၁၅ ရွေးကောက်ပွဲပြီးလို့ တက်လာတဲ့ NLD အစိုးရတွေအထိ ငါနိုင်ရင် အကုန်ယူမယ်၊ ဘယ်သူနဲ့မှ ပေါင်းစရာမလိုဘူး ဆိုတာချည်းပဲ။ ကိုယ်အသာရနေတဲ့အချိန်မှာ ဘယ်သူမှ တခြားသူနဲ့ ပူးပေါင်းဆောင်ရွက်မယ် ဆိုတာ မရှိဘူး။ ကိုယ် အသာမရတော့တဲ့ အချိန်ကျမှ ဟိုလူနဲ့ ပေါင်းမယ်၊ ဒီလူနဲ့ ပေါင်းမယ် တွေ ဖြစ်လာတာ။

လောကကြီးကို ကြည့်မယ်ဆိုရင် အားကြီးသူနဲ့ အားနည်းသူ ပူးပေါင်းဆောင်ရွက်နိုင်ဖို့က အားကြီးသူပေါ် မူတည်တာ။ အားနည်းသူရဲ့ သဘောသဘာဝကိုက အင်အားကောင်းဖို့ ပူးပေါင်းတာကို အားသန်တယ်။ ဒီတော့ အားနည်းသူက ပူးပေါင်းဖို့ အမြဲပြောနေမှာပဲ။ အဓိက တကယ်ဖြစ်မဖြစ်က အားကြီးသူက ဘယ်လောက်အထိ ပူးပေါင်းဆောင်ရွက်ချင် သလဲဆိုတာပေါ်ပဲ မူတည်တယ်။

အရာရာတိုင်းလိုပဲ ပူးပေါင်းဆောင်ရွက်ရင် အားသာချက်ရော၊ အားနည်းချက်ရော ရှိတယ်။ အားသာချက် ပိုများလာဖို့နဲ့ အားနည်းချက် တတ်နိုင်သလောက် လျော့သွားဖို့က အတွေ့အကြုံလိုတယ်၊ ကျွမ်းကျင်မှု လိုတယ်။ အဲဒီ ၂ ခု မရှိရင် အားနည်းချက်တွေကို ကြောက်ကြတယ်။ သေချာတာ တခုက ပူးပေါင်းလိုက်ရင် အင်အားပိုကောင်းလာတာပဲ။ ကိုယ် မလုပ်နိုင်တဲ့ အရာတစ်ခုအတွက် အင်အားလိုချင်လို့ ပူးပေါင်း ကြတာပါ။

အဲဒါအတွက် အဓိက လိုအပ်တာက ယုံကြည်မှု ဖြစ်ပြီး မြန်မာနိုင်ငံ အခုထိ ကံဆိုးနေတာက ယုံကြည်မှုဆိုတာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးမှာ အရှားပါးဆုံး အရာ ဖြစ်နေတာပါပဲ။

လက်ရှိမြန်မာနိုင်ငံကို ကြည့်မယ်ဆိုရင် အင်အားအကောင်းဆုံးက တပ်မတော်ပါ။ လက်နက်အရရော၊ ဖွဲ့စည်းပုံအရရော၊ မဟာဗျူဟာ ချမှတ်ထားမှုအရရော၊ အဖွဲ့ဝင်တွေရဲ့ လုပ်နိုင်စွမ်းရည်အရရော သူ့ကို ဘယ်သူမှ မယှဉ်နိုင်ပါဘူး။ ဒါကြောင့်မို့လည်း သူ မလုပ်ချင်တဲ့ အခြေခံဥပဒေပြင်ဆင်ရေးတို့၊ သူ နိုင်ငံရေးလောက ကနေ ထွက်ပေးရေးတို့က ဖြစ်မလာတာ။ အဲဒီလို မလုပ်ချင်လို့ တင်းခံနေတဲ့ အင်အားကြီးသူကို တွန်းဖယ်ဖို့ဆိုတာ အနည်းဆုံး သူနဲ့ တန်းတူ အင်အားကောင်းဖို့ လိုတယ်။ လက်ရှိမှာ သူ့လို အင်အားကြီးတဲ့ တခြားအဖွဲ့

မြန်မာနိုင်ငံမှာ မရှိပါဘူး။ ရှိတယ်လို့ ထင်ရင် ကိုယ့်ဖာသာကိုယ် အရင် ကြည့်ဖို့ လိုပါတယ်… တကယ်ရော အဲဒီလောက်ထိ အင်အားကြီးရဲ့လားလို့။

ရှင်းရှင်းပြောရရင် တပ်ကို နိုင်ငံရေးက နောက်ဆုတ်သွားဖို့ ၈၈ အရေးအခင်းကလည်း မလုပ်နိုင်ခဲ့ဘူး၊ ၂၀၀၇ ရွှေဝါရောင်လည်း မလုပ်နိုင်ခဲ့ဘူး။ အခုလက်ရှိမှာ အဲဒီကာလတွေလောက် ဘယ်သူတွေကများ အင်အားရှိနေသေးလို့လည်း…။ ကျွန်တော်တို့ လိုနေတာက အဲဒီ အရင်အချိန်တွေထက်ပိုပြီး အင်အားကြီးတဲ့၊ ပိုပြီး လိမ္မာပါးနပ်တဲ့ အင်အားစု တစ်ခုပါ။ အဲဒါကို ဘယ်သူမှ တယောက်တည်း မလုပ်နိုင်ပါဘူး။

ကျွန်တော် တစ်ဦးတည်းရဲ့ မျှော်လင့်ချက်က လက်ရှိ မြန်မာနိုင်ငံမှာ နိုင်ငံရေးအရ အင်အားအကြီးဆုံး ဖြစ်နေတဲ့ NLD ကနေ ဦးဆောင်ပြီး ကျန်တဲ့သူတွေနဲ့အတူ ပိုအားကြီးတဲ့ အင်အားစုတစ်ခု ဖြစ်လာစေချင်တာ။ အဲဒီအတွက် အရေးအကြီးဆုံးက အသိအမှတ်ပြုမှုပါ။ လူတွေ ထင်သလို အာဏာတွေ၊ လုပ်ပိုင်ခွင့်တွေ မဟုတ်ပါဘူး။ တခြား အင်အားစုငယ်တွေကို အသိအမှတ်ပြုပေးရုံနဲ့တင် ပူးပေါင်းဆောင်ရွက်လို့ ရနေပါပြီ။ ညွန့်ပေါင်းအစိုးရ ဖြစ်စရာမလိုပဲ နိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်မှု လုပ်လို့ရတဲ့ နည်းတွေ အများကြီး ရှိပါတယ်။ လုပ်ချင်စိတ်ရှိရင် လုပ်နည်းကို စဉ်းစားကြည့်ဖို့ပဲ လိုတာပါ။

ကျွန်တော် ဘာကြောင့် ဒီလို ဖြစ်စေချင်သလဲဆိုရင် အရင် အာဏာရှင်တွေကို အမြစ်ပြတ်သွားစေချင်လို့၊ ဒီလူတွေ ဘယ်တော့မှ နောက်တခါ ပြန်မလာနိုင်အောင်လို့။ အဲဒါကို တယောက်တဖွဲ့တည်းက လုပ်နိုင်တယ်လို့ မထင်လို့။

"ငါတို့ အားလုံးပေါင်းပြီး လုပ်ကြရအောင်" ဆိုတဲ့ စကားကိုတော့ ကျွန်တော်တကယ် ကြားချင်ပါတယ်…